# ၁၉၅၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန် (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ''ဟုရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၁)၊ အပိုဒ်ခွဲ (စ) နောက်တွင်ပါရှိသည့်ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၁ အစား၊ အောက်ပါကို ပုဒ်မ ၁၁ အဖြစ် ထည့်သွင်းရမည်။

> '' ၁၁။ ။အကြောင်းတခုခုကြောင့်ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်စည်းကြပ်ထိုက်သော အမြတ်အစွန်းများမှာမည်သည့်နှစ်တွင်မဆို၊ မစည်းကြပ်ရဘဲကျန်နေလျှင်သော်၎င်း၊ စည်းကြပ်ထိုက်သည့်အောက်နည်း၍ စည်းကြပ်ပြီးခဲ့လျှင်သော်၎င်း၊ အမြတ်တော်ခွန်ဝန်ထောက်က၊ ထိုနှစ်ကုန်ဆုံးပြီးသည့်နောက် လေးနှစ်အတွင်း မည်သည့်အချိန်တွင်မဆို၊ ပုဒ်မ ၉ အရ နို့တစ်စာတွင် ထည့်သွင်းသည့် လိုအပ်ချက်အားလုံးဖြစ်စေ၊ တခုခုဖြစ်စေ ပါရှိသော နို့တစ်စာတစောင်ကို၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန် စည်းကြပ်ခြင်းခံထိုက်သူထံ ချအပ်၍ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန် စည်းကြပ်ထိုက်သည့် အမြတ်အစွန်းငွေပေါင်းကို စည်းကြပ်နိုင်သည်၊ သို့တည်းမဟုတ် ပြန်လည်စည်းကြပ်နိုင်သည်။ ဤအက်ဥပဒေပါ မြွှာန်းချက်များသည်ထိုပုဒ်မအရ ချအပ်သည့် နို့တစ်စာနှင့်သက်ဆိုင်သကဲ့သို့၊ ဤနို့တစ်စာနှင့်လည်းသက်ဆိုင်သမျှသက်ဆိုင်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ၏ဇယား (၁) တွင်—

> '' [အပိုဒ် ၂ (၉) ကိုကြည့်။] '' ဆိုသည့်စကားရပ်အစား၊
> '' [ပုဒ်မ ၂ (၉) ကိုကြည့်။] '' ဆိုသည့်စကားရပ်ကို၎င်း၊
> '' ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်ကိစ္စအလို့ငှါ၊ အမြတ်အစွန်းများကိုတွက်စစ်ရန် နည်းဥပဒေများ။ '' ဆိုသည့်စကားရပ်အစား '' ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်ကိစ္စအလို့ငှါ အမြတ်အစွန်းများကိုတွက်နည်းများ။ '' ဆိုသည့်စကားရပ်ကို၎င်း

ထည့်သွင်းရမည်။

အတိုး—၁၀ ပြား။]

၅။ ။အဆိုပါအက်ဥပဒေ၏ဇယား (၂) တွင်—

(က) " ဇယား (၂) " ဆိုသည့်စကားရပ်အစား၊

" ဇယား (၂)

[ပုဒ်မ ၂ (၁) ကိုကြည့်။] " ဆိုသည့်စကားရပ်များကိုငင်း၊ " ဤအက်ဥပဒေအရအထက်နှစ်တနှစ်အတွက် အခွန်စည်းကြပ်ခြင်းမှကင်းလွတ်ခွင့်ပြုသည့်ငွေကိုတွက်ရန် ကိစ္စအလို့ငှါ ကုမ္ပဏီတခု၏ မ,တည်ငွေရင်းကိုအောက်ပါ နည်းဥပဒေများအတိုင်း တွက်ရမည် " ဆိုသည့်စာပိုဒ်အစား " ဤအက်ဥပဒေ အရ အထက်နှစ်တနှစ်အတွက်အခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်ငွေကိုတွက်ရန် ကိစ္စအလို့ငှါ ကုမ္ပဏီတခုခု၏ မ,တည်ငွေရင်းကို အောက်ပါတွက်နည်းများအတိုင်း တွက်ရမည် " ဆိုသည့်စာပိုဒ်ကိုငင်း

ထည့်သွင်းရမည်။

(ခ) အပိုဒ် (၁) တွင် " မှ အမြတ်အစွန်းများထဲတွင်ထည့်၍ မရေတွက်ရသောအမြတ်ဝင်ငွေကို ဖြစ်ထွန်းစေသည့်အရင်းအနှီးများ၏ (investments)၊သို့တည်းမဟုတ် အခြားပစ္စည်းများ၏တန်ဘိုးငွေကိုနုတ်ပြီး နောက်ကျန်သော " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) အပိုဒ် (၂) နှင့် (၃) တွင် " နည်းဥပဒေ " ဆိုသည့်စကားရပ်အသီးသီးအစား " အပိုဒ် " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၄၆၊ တရားရေးဝန်ကြီးဌာန၊ ဂ-၁-၅၉—၂,၀၀၀—-၂။